# ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ
# ပါရဂူ (Ph.D)ဘွဲ့အတွက် တင်သွင်းသောကျမ်း

ဒေါ်ခင်သန်းဦး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၅ ခုနှစ်၊ စက်တင်ဘာ

## ကျမ်းအကျဉ်းချုပ်

ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာကျမ်းကို အခန်း (၉) ခန်းခွဲ၍ တင်ပြထားပါသည်။ အခန်း (၁) တွင် ဝတ္ထုရှည်၏ သဘောသဘာဝကို တင်ပြရာ၌ ဝတ္ထုရှည်နှင့် ပတ်သက်သည့် ဖွင့်ဆို ချက်များ၊ ဝတ္ထုရှည်အမျိုးအစားများကို ရှင်းလင်းဖွင့်ဆိုထားပါသည်။ အခန်း (၂) တွင် ရည်ရွယ်ချက်ကို ဖော်ပြရာ၌ ဝတ္ထုရေးသူနှင့် ရည်ရွယ်ချက်၊ ဝတ္ထုဖတ်သူနှင့် ရည်ရွယ်ချက်၊ ရည်ရွယ်ချက်နှင့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ ပြောစကားတို့ ဆက်စပ်နေပုံကို တင်ပြထားပါသည်။ အခန်း (၃) တွင် ဇာတ်လမ်းအကြောင်းကို တင်ပြရာ၌ ဝတ္ထုရှည်မှ ဇာတ်လမ်း၏အခန်းကဏ္ဍ၊ ဇာတ်လမ်း ဖန်တီးမှုအတတ်ပညာ ၊ ဇာတ်လမ်းနှင့် ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ ပြောစကားတို့ ဆက်သွယ်ပုံကို ဆွေးနွေးတင်ပြထားပါသည်။ အခန်း (၄) တွင် ဇာတ်ဆောင်၏ အခန်းကဏ္ဍ၊ ဇာတ်ဆောင်ဖန်တီးမှု အတတ်ပညာ၊ ဇာတ်ဆောင်နှင့် ဇာတ်လမ်း၊ ကာလဒေသနောက်ခံ၊ ပြောစကားတို့ တစ်ခုကိုတစ်ခု အပြန်အလှန် အထောက်အကူပြုပုံနှင့် ဇာတ်ဆောင်အမျိုးအစားများကို တင်ပြထားပါသည်။ အခန်း (၅) တွင် ကာလဒေသ နောက်ခံ အကြောင်းကို တင်ပြရာ၌ ကာလဒေသ နောက်ခံ၏ အခန်းကဏ္ဍ၊ ကာလဒေသနောက်ခံနှင့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ပြောစကားတို့ ဆက်သွယ်ပုံ၊ ကာလဒေသနောက်ခံ အမျိုးအစား များပါဝင်ပါသည်။ အခန်း (၆) တွင် ပြောစကား၏ အခန်းကဏ္ဍ၊ ပြောစကားနှင့်ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ ဆက်သွယ်နေပုံတို့ ပါဝင်ပါသည်။ အခန်း (၇) တွင် ရှုထောင့်အမျိုးအစားများ အကြောင်းကို ဖော်ပြထားပြီး အခန်း (၈) တွင် ရေးဟန်အကြောင်း ကို ရေးဟန်အမျိုးအစားများ၊ ရေးဟန်က ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို အထောက်အကူပြုပုံတို့ကို တင်ပြထားပါသည်။ အခန်း (၉)တွင် လူ့သဘာဝအဖွဲ့နှင့် ရသအကြောင်းကို တင်ပြထားပါသည်။ နိဒါန်း၊ ခြုံငုံသုံးသပ်ချက်၊ နိဂုံးတို့ပါဝင်ပါသည်။